ဘုရားကုန်းကျေးရွာ
ဥတ္တရသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဘုရားကုန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ဘုရားကုန်းကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၇
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၈
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၆။	**ပညာရေး**	၁၀
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၀
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၁
၉။	**ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၁
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၂
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၃
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၁၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၃ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

သြဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားကုန်းကျေးရွာ

ဥတ္တရသီရိမြို့နယ်

ဘုရားကုန်းကျေးရွာ သယံဇာတပြမြေပုံ၊ ဥတ္တရသီရိမြို့နယ်

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဘုရားကုန်းကျေးရွာသည် ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ဥတ္တရသီရိ မြို့နယ်၏မောင်းရမ်းကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် **မောင်းရမ်း** ကျေးရွာ၊ မြောက်ဘက်တွင် မင်းကုန်းကျေးရွာအုပ်စုနှင့် ကျေးရွာချင်းဆက်လျက် တည်ရှိနေပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး ဗမာလူမျိုးအများစုနေထိုင်ကြောင်း တွေ့ရှိရသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အပူပိုင်းမုတ်သုံရာသီဥတုဖြစ်သည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (**၁၁၆.၀၅**)ဧက၊ယာမြေ(**၆၁**)**ဧကနှင့်** ဥယျာဉ်ခြံမြေ (၉)ဧက စုစုပေါင်း (**၁၈၅.၀၅**)ဧကရှိပါသည်။ စပါးနှင့်ကြံကိုအဓိကစိုက်ပျိုးကြပြီး ဥယျာဉ်ခြံမြေတွင် သရက်ကို စိုက်ပျိုးကြသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင် များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ပရဟိတအဖွဲ့(ကျား၁၇ဦး+မ၁၃ဦး)၊ လူမှုရေးအဖွဲ့(ကျားဖဦး+မ၅ဦး) နှင့် အုပ်ချုပ်ရေးအဖွဲ့(ကျား၅ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့(မ၉ဦး)နှင့် ဘာသာရေးအဖွဲ့(ကျား၈ဦး +မ၈ဦး)တို့သည် ကျေးရွာ၏လိုအပ်သောနေရာများတွင် ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျေးရွာရှိ အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့်သာ ချိတ်ဆက်၍ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ဆက်စပ်မှုမရှိဘဲသီးခြားဆောင်ရွက်ကြကြောင်း တွေ့ရှိရပါသည်။ အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုအားကောင်း စေရန်အတွက် စွမ်းဆောင် ရည်မြှင့်တင် ရေးသင်တန်းများ ဖွင့်လှစ်ပေးရန်လိုအပ်ကြောင်း တွေ့ရှိရပါ သည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

သရက်တောကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၉) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁၅) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၆) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီး (၅) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးနှင့် ကြံသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။

မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်း အိမ်ထောင်စုထက် ထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး ရေလုံလောက်မှု နည်းပါးပါသည်။ စပါး အထွက်နှုန်းမှာ တစ်ဧကော ပျမ်းမျှ (၃၀) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ခြွေလှေစက်(၁)စီး၊ ရေစုပ်စက် (၂)လုံးနှင့် မြက်ရိတ်စက်(၂)လုံး ရှိပါသည်။ အဖွဲ့ပိုင် ထွန်စက်များဖြင့်လည်း စုပေါင်းလုပ်ကိုင်နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံ မျိုးစေ့များကိုလည်းမြို့နှင့် အလှမ်းမဝေးသဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံစျေးကွက်နှင့် ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှတစ်ဆင့် ရောင်းချနိုင်ကြပါသည်။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးအနည်းငယ် ကျရောက်ပါသည်။ ၄င်းအပြင် မိုးကြီးသည့်အခါတွင် စပါးခင်းများအား ရေလွှမ်းမိုးသောကြောင့် လယ်ယာမြေများပျက်စီးကြောင်းတွေ့ရှိရသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်နွား(၃၇)ကောင်၊ ကျွဲ(၂၁၈)ကောင်၊ မြင်း(၂)ကောင်၊ ဝက်(၂၂၀)ကောင်၊ ကြက်(၅၂၅)ကောင်၊ ဆိတ်(၁၀)ကောင်နှင့် ဘဲ(၁၄)ကောင်မွေးမြူထားကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးအား စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍တပိုင်တနိုင်လုပ်ကိုင်ကြပြီး တချို့အိမ်ထောင်စုများတွင် စီးပွားဖြစ်မွေးမြူကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် စျေးကွက်လည်းရှိကြောင်းတွေ့ရှိရပါပြီး ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများ အထူးသဖြင့် ဝက်မွေးမြူရေးတွင် ဝက်နားရွက်ပြာရောဂါသည် အဖြစ်များပြီး သေဆုံး ပျက်ဆီးမှုများအထ ိရှိကြောင်း တွေ့ရှိရပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု နည်းပါးသည်။ စီးပွားဖြစ်မွေးမြူးရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာသည် လယ်ယာသားငါး ထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။**သုံးဘီးယာဉ်မောင်းခြင်း၊ လက်သမား၊ ပန်းရံ လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများနှင့် နှိုင်းရပ်ခြားဒေသတို့တွင် လုပ်ကိုင်သူဦးရေများပြားသဖြင့် လုပ်သားအင်အား ရှားပါးပါသည်။** လယ်ယာသားငါးထွက်ကုန် မဟုတ်သော အခြားဒေသထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့် ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါ သည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် **စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅) သိန်းနှုန်းဖြင့် (၁၀) ဧကအထိ အလွယ်တကူချေးယူ၍ ရရှိနိုင်သော်လည်း ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက် မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှစီးပွားဖြစ် လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာအတွင်းရှိငွေချေးသူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ ထို့ကြောင့် အတိုးနှုန်း သက်သာသော ကာလရှည်ချေးငွေများ ရရှိရန် လိုလားကြပါသည်။**

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၆၃) စီး၊ မော်တော်ဆိုင်ကယ်(၁၆၆)စီး၊ သုံးဘီးဆိုင်ကယ်(၃)စီး၊ ထော်လာကျီ(၂)စီး၊ ကား(၁၈)စီးနှင့် နွားလှည်း(၂၆)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင် ကျေးရွာချင်းဆက်လမ်း(၁)လမ်း၊ ရွာတွင်းမြေသားလမ်း(၃) လမ်းရှိပြီး ကျေးရွာချင်းဆက်လမ်းမှာ ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ရန် ကျေးလက်လမ်းဦးစီးဌာနမှ လျာထားပြီးဖြစ်ပါသည်။ ရွာတွင်းလမ်းများမှာ မိုးတွင်းကာလများတွင် မြေသားလမ်းများပေါ်သို့ ရေကျော်ပြီးဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ **ကျေးရွာတွင် ကွန်ကရစ်တံတား(၁)စင်း၊ ရရှိပြီး လွန်ခဲ့သော နှစ်များစွာက တည်ဆောက်ခဲ့ခြင်းကြောင့် ပျက်စီးယိုယွင်းမှု အနည်းငယ်ရှိပြီး ပြုပြင်ရန် လိုအပ်နေပါသည်။**

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာသည်မဟာဓါတ်အားလိုင်းနှင့်နီးကပ်မှုရှိခြင်းကြောင့် ကျေးရွာရှိအိမ်ထောင်စု (၁၆၁)မှာ လျှပ်စစ်မီးရရှိပြီး ဆိုလာသုံးစွဲသူ(၁၃)အိမ်၊ ဒီဇယ်အင်ဂျင်သုံးစွဲသူ(၆) အိမ်နှင့် ကျန်အိမ်ထောင်စု(၉၃)စုမှာ ဖယောင်းတိုင်၊ ဘတ္တရီစသည်တို့ဖြင့် မီးရရှိအောင် ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မီးလင်းရေးကော်မတီရှိပြီး တစ်ရွာလုံး မီးလင်းနိုင်ရေးအတွက် ရန်ပုံငွေများကောက်ခံ၍ ဆောင်ရွက်နေကြောင်းတွေ့ရှိရ ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၂၈) လုံး၊ ရေဒီယို (၁၁) လုံး၊ တီဗွီ (၁၂၇) လုံး၊ ဂြိုလ်တုစလောင်း (၂၄) လုံး စသည်တို့မှ ရရှိသည့်အပြင် အမ်ဝီတီနှင့် တယ်လီနော စသည့်ဖုန်းတာဝါတိုင်များလည်း ကျေးရွာတွင်ရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး မူလတန်းတက်ရောက်သူ (၁၀၆)ဦး၊ အလယ်တန်းတက်ရောက်နေသူ(၁၁၂)ဦး၊ အထက်တန်းတက်ရောက်သူ(၈၂)ဦးနှင့် တက္ကသိုလ်/ကောလိပ် တက် ရောက်နေသူ(၄၀)ဦးရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ပညာရေးတွင် အသင့်အတင့်ရှိပါသည်။ ကျေးရွာရှိမိသားစုများမှာ ပညာရေးအား အလေးထား အားပေးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ဘော်ဒါဆောင်များ၊ စာကျက်ဝိုင်းများရှိကြောင်း တွေ့ရှိရပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၆၃)ဦး၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၉၅)ဦး ၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၇၃)ဦး နှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်သူမှာ (၂၁)ဦးရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျက်ရှိပြီး၊ ကျေးရွာရှိ ကလေးသူငယ်များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံပေးခဲ့ပါသည်။ မောင်းရမ်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ရှိသည်။ ဥတ္တရသီရိမြို့နယ်ဆေးရုံနှင့် နေပြည်တော်ကုတင် (၁၀၀၀) ဆေးရုံသို့ ကျေးရွာရှိ လူမှုကူညီရေးကားဖြင့် အချိန်မရွေး သွားကြရသည်။

ကျေးရွာတွင် သောက်သုံးရေအတွက် တွင်းနက်(၁)တွင်း၊ လက်တူးတွင်း(၃)တွင်းနှင့် လက်နှိပ်တုံကင် (၃၀)ခုရှိသည်။ ရေတွင်းများမှာ တစ်နှစ်ပါတ်လုံး ရေလုံလောက်သည်။ ကျေးရွာတွင် အိမ်ထောင်စု ၁၉၀ အိမ် ရှိသော်လည်း ရေဆွဲအိမ်သာ(၅)လုံး၊ ရေလောင်းယင်လုံအိမ်သာ ၁၉၁လုံး၊ တွင်းရှိအိမ်သာ(၅၁)လုံးရှိပြီး ကျန် ၂၇ အိမ်မှာ နီးစပ်ရာအိမ်ဝိုင်းအတွင်းရှိအိမ်သာများကိုအသုံးပြုကြကြောင်း တွေ့ရှိရသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

သရက်တောကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသော်လည်း ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက ကျေးရွာရှိ အဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖများမှ ကူညီထောက်ပံ့ပေးသောကြောင့် ထိခိုက်ခံစားရ နည်းသည်သည်။

မိုးရာသီတွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ တီဗီရောဂါ ဖြစ်ပွားသည့် လူနာအနည်းငယ်သာ ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် အမျိုးသားများ နှင့် တန်းတူ သင်ယူနိုင်သော်လည်း နေ့တွက်လုပ်အားခငွေများမှာ လုပ်အားအပေါ်အခြေခံ၍ အမျိုးသားများက ပိုမိုရရှိကြပါသည်။ အုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှုရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးရေးရာအဖွဲ့ရှိပြီး အကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာ အသိအမြင်များလည်း အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများမရှိကြောင်းလည်း တွေ့ရှိရပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မောင်းရမ်း			ကျေးရွာအမည် – ဘုရားကုန်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာတွင်းလမ်းကျောက်ခြောခင်းပြုပြင်ခြင်း	
၂	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ရွာလယ်လမ်းအား ရေထွက်မြောင်းပြုလုပ်ခြင်း	
၃	အခြေခံအဆောက်အဦ	သောက်သုံးရေ	အိမ်တိုင်ရေသွယ်စနစ်ဆောင်ရွက်ခြင်း	
၄	ငွေကြေး	ရပ်ရွာအခြေပြု	အတိုးနှုန်းသက်သာသောချေးငွေစီမံကိန်းများ ရရှိရန် ချိတ်ဆက်ခြင်း။	
၅	သယံဇာတနှင့် သဘာဝဝန်းကျင်	သဘာဝဘေး လျော့ချရေး	မြေထိန်းနံရံတည်ဆောက်ခြင်း။	
၆	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ချောင်းကူးတံတားအား ကွန်ကရိတ်တံတားအဖြစ်မြှင့်တင်ခြင်း	

မောင်းရမ်းကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	ပညာအရည်အချင်း	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကိုကို	ဦးဝေလု	၄တန်း	၉/ပမန(နိုင်) ၁၇၈၁၂၁	၅၉	ဥက္ကဋ္ဌ၊ ရန်ပုံငွေကြီးကြပ်မှုကော်မတီ	၀၉-၃၁၀၀၂၃၀၄
၂	ဦးမောင်ပု	ဦးနို့ဆီ	၄တန်း	၉/ပမန(နိုင်) ၀၉၃၃၉၆	၅၉	အတွင်းရေးမှူး	၀၉-၄၄၄၅၀၉၃၁
၃	ဦးကျော်ဌေး	ဦးစိုးမြင့်	၅တန်း	၉/ပမန(နိုင်) ၁၅၆၁၃၂၂	၄၈	စာရင်းကိုင်	၀၉-၄၂၁၁၄၈၅၆
၄	ဦးမင်းဇော်ဦး	ဦးစောလွင်	၈တန်း	၉/ပမန(နိုင်)၁၃၇၅၄၈	၄၃	ဘဏ္ဍာရေးမှူး	၀၉-၄၃၁၈၃၆၄၀
၅	ဦးထွေး	ဦးကရင်	၄တန်း	၉/ပမန(နိုင်) ၂၄၈၄၉၅	၄၉	သော့ကိုင်(၁)	၀၉-၇၈၂၇၃၃၄၈၀
၆	ဒေါ်ကြည်အေး	ဦးဒွေး	၄တန်း	၉/ပမန(နိုင်) ၀၉၃၄၇၂	၄၉	သော့ကိုင်(၂)	-
၇	ဒေါ်ကျန်လေး	ဦးစိုးတင့်	၄တန်း	၉/ပမန(နိုင်) ၀၀၈၆၂၅	၂၄	အဖွဲ့ဝင်	၀၉-၄၅၁၇၀၄၈၅၆

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၄	၁၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၄၄	၂၆	၇၀
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၅၇	၃၈	၉၅
၁၀ နှစ်မှ၁၄နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၅	၅၄	၁၁၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၃၈၁	၄၁၉	၈၀၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅	၂၂	၂၇
စုစုပေါင်း		၅၅၉	၅၆၃	၁၁၂၂
စုစုပေါင်း အိမ်ထောင်စု		၂၇၃		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုပေါင်း(၂၇၃)စုရှိပြီး ကျား(၅၅၉)၊မ(၅၆၃)ဦးဖြင့် လူဦးရေ ပေါင်း(၁၁၂၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် ဗမာ လူမျိုးများ သာနေထိုင်ပြီး ဗုဒ္ဓဘာသာကိုသာ ကိုးကွယ်ကြသည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း ၏(၇၁.၃%)ခန့်ရှိသဖြင့် လူသား အရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားထက် အမျိုးသမီးဦးရေသည် (၄)ဦးများသည်ကို တွေ့ရှိရပါသည်။

(၂) သဘာဝရင်းမြစ်နှင့် ရာသီဥတု

(၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိနိုင်မှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ/ချောင်း/ မြစ်/စိမ့်စမ်း စသည်)
လယ်မြေ	၁၁၆.၀၅	ကောင်း	ရ	မိုးရေ
ယာမြေ	၆၁	ကောင်း	ရ	မိုးရေ
ဥယျာဉ်ခြံမြေ	၉	ကောင်း	ရ	မိုးရေ

အိမ်ခြံဝင်း စိုက်ခင်း				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
သစ်တောမြေ				
စုစုပေါင်း	၁၈၆.၀၅			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လယ်မြေကေ(၁၁၆.၀၅)ကေ၌ မိုးရာသီတွင် စပါးကို စိုက်ပျိုးကြပြီး ကျန်ရာသီများတွင်မတပဲ၊ နှမ်းစသည့် သီးနှံများအားစိုက်ပျိုးကြသည်။ ယာမြေများတွင် ပြောင်းမြေပဲစသည့်သီးနှံများနှင့် ဥယျာဉ်ခြံတွင် သရက်၊ ဝိန်ခဲစသည့် သီးပင်စားပင်များ စိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)	မရှိ	
ခါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ကျောက်မီးသွေး၊သဲ)စသည်	ရှိ	ချောင်းအတွင်းမှသဲများထွက်ရှိပြီး အသုံးချလွယ်ပါသည်။
အခြားသဘာဝအရင်းအမြစ်များ		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	
အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက်အသုံးဝင်သော)	မရှိ	
ပျက်မှုအပူချိန်-	ပျက်မှုမိုးရေချိန်-	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနံဘေးရှိ ချောင်းအတွင်းမှ သဲများထွက်ရှိပြီး ကန်ထရိုက်များဆီမှ ပြန်လည်ဝယ်ယူအသုံးချနိုင်ပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့၏စွမ်းဆောင်ရည် အခြေနေ(သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	လူမှုရေးအဖွဲ့	၁□ ၂√ ၃□	ပညာရေး□ ငွေကြေး □ ကျန်းမာရေး□ဘာသာရေး√ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၁၁)ဦးခန့်ရှိပြီး ကျေးရွာ၏သာရေး/နာရေး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။
၂	ပရဟိတ အဖွဲ့	၁□ ၂√ ၃□	ပညာရေး□ ငွေကြေး □ ကျန်းမာရေး□ဘာသာရေး√ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး√ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၃၀)ဦးခန့်ရှိပြီး ကျေးရွာ၏သာရေး/နာရေး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။
၃	အမျိုးသမီးရေးရာ	၁□ ၂√ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး √ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၉)ဦးခန့်ရှိပြီး ကျေးရွာရှိအမျိုးသမီးဆိုင်ရာလုပ်ငန်းများကိုဆောင်ရွက်နေပါသည်။
၄	အုပ်ချုပ်ရေး အဖွဲ့	၁□ ၂√ ၃□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး √ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး √ လုံခြုံရေးနှင့် ကာကွယ်ရေး □	အဖွဲ့ဝင်(၅)ဦးခန့်ရှိပြီး ကျေးရွာ၏သာရေး/နာရေး လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။
၅	ဘာသာရေး အဖွဲ့	၁□ ၂□ ၃√	ပညာရေး □ ငွေကြေး √ ကျန်းမာရေး □ ဘာသာရေး √ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လူမှုရေးအဖွဲ့(၄)ဖွဲ့နှင့်ငွေစုငွေချေးအဖွဲ့(၂)ဖွဲ့ရှိပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများမှာ စွမ်းဆောင်ရည်များ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သောအိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၀	၇၁	၁၆၇	၂၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏(၇၀.၃၂%)မှာ မပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်များဖြစ်ကြပြီး (၃.၆၆%)မှာ အဆင်ပြေသော အဆင့်နှင့် (၂၆%)မှာ အလယ်အလတ်အဆင့်အိမ်ထောင်စုများဖြစ်ကြပါသည်။ မပြေလည်သောအိမ်ထောင်စုများ နှင့် အလွန်မပြေလည်သောအိမ်ထောင်စုများအနေဖြင့် မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများလုပ်ကိုင်ရန် အတတ်ပညာများ တတ်မြောက်မှုနည်းပါခြင်း နှင့် အရင်းအနှီးမရှိခြင်းတို့သည် အဓိကအခက်အခဲများဖြစ်ကြသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂-၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၁၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၁၉	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၁၅	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၇၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်မြေယာပိုင်ဆိုင်သောအိမ်ထောင်စု(၅၅)စုသာရှိပြီး မြေယာပိုင်ဆိုင်မှု မရှိသော အိမ်ထောင်စုမှာ(၂၁၈)စုရှိပါသည်။ မြေယာမပိုင်ဆိုင်သော အိမ်ထောင်စုများမှာ ပန်းရံ၊ လက်သမား၊ ဈေးရောင်း၊ အစိုးရဝန်ထမ်းနှင့် ကျပန်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြကြောင်းတွေ့ရှိရပါသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		အကျိုးအမြတ်ရရှိမှု(နည်း/သင့်/များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ	
စပါး	၁၁၆.၀၅	တင်း	၆၀	၇၅	၆၈	၆ လ ပိုင်း	၁၀ လ ပိုင်း	သင့်
နှမ်း	၁၀	တင်း	၁၀	၂၅	၄၀	၁၀ လ ပိုင်း	၁၂ လ ပိုင်း	သင့်
ကြံ	၄၁	တန်	၃၀	၅၀	၄၀	၁ လ ပိုင်း	၁၁ လ ပိုင်း	သင့်
ပြောင်း	၁၀	တင်း	၃၀	၄၀	၃၅	၁၀ လ ပိုင်း	၁၂ လ ပိုင်း	သင့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဆန်စပါးကိုသာ အဓိကထားစိုက်ပျိုးပြီး အထွက်နှုန်းမှာ ပျမ်းမျှ(၆၈)ရှိကြောင်းတွေ့ရှိရပါသည်။ အခြားသီးနှံများဖြစ်သည့် ကြံ၊ ပြောင်း၊နှမ်းစသည့် သီးနှံများ၏

အထွက်နှုန်းမှာလည်း ရာသီဥတုအလိုက် ပြောင်းလဲလျှက်ရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးရခြင်းကြောင့် စိုက်ပျိုးရေမလုံလောက်ခြင်း၊ သီးနှံပိုးမွှားများကျရောက်ခြင်းနှင့် စေးကွက်မတည်ငြိမ်ခြင်းကြောင့် အကျိုးအမြတ်မှာ အသင့်အတင့်ရှိပါသည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၁၁	၃၇
နို့စားနွား		
ကျွဲ	၆၈	၂၁၈
မြင်း	၁	၂
မြည်း		
လား		
ဆိတ်	၁	၁၀
သိုး		
ဝက်	၁၁၇	၂၂၀
ကြက်	၆၄	၅၃၅
ဘဲ	၃	၁၄
နွားနောက်		
ငါးကန်		
ပုဇွန်ကန်		
ဂဏန်း မွေးမြူရေးလုပ်ငန်း		
ရေချို ငါးဖမ်းလုပ်ငန်း		
ကမ်းလွန် ငါးဖမ်းလုပ်ငန်း		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်နွား(၃၇)ကောင်၊ ကျွဲ(၂၁၈)ကောင်၊ မြင်း(၂)ကောင်၊ ဝက်(၂၂၀)ကောင်၊ ကြက်(၅၃၅)ကောင်၊ ဆိတ်(၁၀)ကောင်နှင့် ဘဲ(၁၄)ကောင်မွေးမြူထားကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးအား စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍တပိုင်တနိုင်လုပ်ကိုင်ကြပြီး တချို့အိမ်ထောင်စုများတွင် စီးပွားဖြစ်မွေးမြူကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် စေးကွက်လည်းရှိကြောင်းတွေ့ရှိရပါပြီး ရာသီအလိုက်ဖြစ်ပွားတတ် သော ရောဂါများ အထူးသဖြင့် ဝက်မွေးမြူရေးတွင် ဝက်နားရွက်ပြာရောဂါသည် အဖြစ်များပြီး သေဆုံး ပျက်ဆီးမှု များအထိရှိကြောင်း တွေ့ရှိရပါသည်။

(၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ
ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်းအရေအတွက်	ဝန်ထမ်း/အလုပ်သမားအရေအတွက်	မိသားစုဝင်လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ် ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း				
၂	ထုတ်ကုန်လုပ်ငန်း				
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့်ရေပေးဝေးရေး				
၄	ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း				
၅	ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်းပေးသူ)	၇	၇	၇	
၇	လက်လီ- လက်ကားရောင်းဝယ်ရေး	၃၄	၆၂	၆၂	
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	၁၀	၁၀	၁၀	
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)				
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ				

၁၂	ပညာရေး	၄	၄	၄	
၁၃	ကျန်းမာရေး				
၁၄	လူမှုရေးလုပ်ငန်းများ				
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)	၁၂၉	၁၆၉	၁၆၉	
	စုစုပေါင်းအသက်မွေးဝမ်းလုပ်ကိုင်သူဦးရေ-				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု၊လူငယ်အုပ်စု

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ ဝင်ငွေရလုပ်ငန်းများအဖြစ် ပန်းရံ၊ လက်သမား၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ စက်ချုပ်လုပ်ငန်းများ၊ အစိုးရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ကျေးရွာတိုးတက်မှုအတွက် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းသင်တန်း များဖွင့်လှစ်ခြင်းနှင့် ချေးငွေများ ရရှိအောင်ဆောင်ရွက်ပေးလျှင် အဆင်ပြေနိုင်ပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅-၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ဘုရားကုန်းဈေး	ပျဉ်းမနားဈေး
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် √ ၁ မှ ၅ မိုင် □ ၅ မှ ၁၀ မိုင်□ ၁၀မှ ၁၅မိုင် □ ၁၅ မိုင် အထက် □	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် √ ၂၁ မှ ၃၀ မိုင် □ ၃၀မှ ၅၀ မိုင် □ ၅၁ မှ ၁၀၀ □ ၁၀၀မိုင်အထက် □
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်√ စက်ဘီး√ ဆိုင်ကယ် √ ကား/ထော်လာကျီ □ ရထား	ခြေလျင်□ စက်ဘီး□ ဆိုင်ကယ် √ ကား/ထော်လာကျီ √ ရထား

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
	☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐	☐ သုံးဘီးဆိုင်ကယ် √ လှေ ☐ စက်လှေ ☐
ကုန်စည်နှင့်ဝန်ဆောင်မှု ရရှိနိုင်မှု (အနည်းဆုံးတစ်ခု နှင့်အထက် ရွေးနိုင်သည်။)	စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)√ မီးဖိုချောင်သုံးနှင့်အိမ်သုံးပစ္စည်း√ အဝတ်အထည်√ဆောက် လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံရနိုင်☐	စားသောက်ကုန်(ကုန်စိမ်း၊ ကုန်ခြောက်)☐မီးဖိုချောင်သုံးနှင့်အိမ်သုံး ပစ္စည်း☐ အဝတ်အထည် ☐ ဆောက်လုပ်ရေးပစ္စည်းများ၊ ပရိဘောဂများ☐ ပစ္စည်းစုံ ဝန်ဆောင်မှုစုံရနိုင်√

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာနှင့်အနီးဆုံးဈေးမှာ ဘုရားကုန်းဈေးဖြစ်ပြီးကျေးရွာတွင်ရှိပါသည်။ ပျဉ်းမနားဈေးဖြစ်ပြီး(၁၉)မိုင်ခန့်ကွာဝေးပါသည်။ကျေးရွာမှလယ်ယာထုတ်ကုန်များကိုဈေးများသို့သယ်ယူပို့ဆောင် တွင် ဆိုင်ကယ်၊ ကား၊ ထော်လာကျီးများကို အသုံးပြုနေကြကြောင်း တွေ့ရှိရပါ သည်။ ကျေးရွာအနေဖြင့် ထုတ်ကုန်များအား ရောင်းချရာတွင်လည်းကောင်း၊ အသုံးအဆောင်ပစ္စည်းများအား ဝယ်ယူရာတွင်လည်းကောင်း ဈေးကွက်အနေဖြင့် အဆင်ပြေချောမွေ့ကြောင်းတွေ့ရှိရပါသည်။

(၅-၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁√ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့ √	ပွင့်လင်းရာသီ √ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် √ ၁-၅မိုင် ☐ ၅-၁၀မိုင် ☐ ၁၀မိုင်အထက် ☐
ချဉ်းကပ်လမ်း	၁☐ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☐ ညံ့☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး☐	၀-၁မိုင် ☐ ၁-၅မိုင် ☐ ၅-၁၀မိုင် ☐ ၁၀မိုင်အထက် ☐
ရွာချင်းဆက်လမ်း	၁☐ ၂☐ ၃√ ၄☐ ၅☐	ကောင်း√ သင့် ☐ ညံ့☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး √	၀-၁မိုင် ☐ ၁-၅မိုင် √ ၅-၁၀မိုင် ☐ ၁၀မိုင်အထက် ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း -၅

လေ့လာတွေ့ရှိချက်။ ။ ရွာတွင်းလမ်းသည်ရိုစာလမ်းများဖြစ်သော်လည်း ပွင့်လင်းရာသီတွင်သာ အသုံးပြု၍အဆင်ပြေပါသည်။ ကျောက်ချောလမ်းအဖြစ်အဆင့်မြှင့်တင်နိုင်ပါက ဆက်သွယ်ရေးပိုမိကောင်းမွန်လာမည်ဖြစ်ပါသည်။

(၅-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ √	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေကြောင်းပို့ဆောင်ဆက်သွယ်မှုမရှိပါ။

(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်			၆၃	၁၆၆	၇	၂	၁၈		၂၆

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ပျဉ်းမနား-တောင်ညိုလမ်းဘေးတွင်ရှိပြီး သယ်ယူပို့

ဆောင်ရေးအတွက် ဆိုင်ကယ်များကို အဓိကအသုံးပြု ပြီး ကား၊ စက်ဘီး၊ ကားစသည်တို့အားလည်း အသုံးပြုကြပါ သည်။ ပျဉ်းမနား-တောင်ညို လမ်းမကြီးနှင့်နီးကပ်မှုကြောင့် သယ်ယူပို့ဆောင် ဆက်သွယ်ရေးမှာ အဆင်ပြေ လျက်ရှိကြောင်း တွေ့ရှိရ ပါသည်။

(၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	၁၆၁
ဆိုလာစနစ်	၁၃
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	၆
လေစွမ်းအင်	
ဇီဝလောင်စာ	
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓာတ်အား ပေးစနစ်	၉၃
လျှပ်စစ်မီး အသုံးမပြုနိုင်သော	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မဟာဓါတ်အားလိုင်းနှင့်နီးကပ်မှုရှိခြင်းကြောင့် ကျေးရွာရှိ အိမ်ထောင်စု(၁၆၁)မှာ လျှပ်စစ်မီးရရှိပြီး ဆိုလာသုံးစွဲသူ(၁၃)အိမ်၊ ဒီဇယ်အင်ဂျင်သုံးစွဲသူ(၆)အိမ်နှင့် ကျန် အိမ်ထောင်စု(၉၃)စုမှာ ဖယောင်းတိုင်၊ ဘတ္တရီစသည်တို့ဖြင့် မီးရရှိအောင် ဆောင်ရွက် ထားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မီးလင်းရေးကော်မတီရှိပြီး တစ်ရွာလုံး မီးလင်းနိုင်ရေးအတွက် ရန်ပုံငွေများကောက်ခံ၍ ဆောင်ရွက်နေကြောင်းတွေ့ရှိရပါသည်။

(၅-၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	ဂြိုလ်တုစလောင်း
အရေအတွက်	၂၂၈	၁၁	၁၂၇	၂၄

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးတွင် ကျေးရွာရှိလူအများစုမှာ တယ်လီဖုန်းအသုံးပြုကြပြီး TV၊ စလောင်းအသုံးပြုသူမှာလည်း အများအပြားရှိကြောင်းတွေ့ရှိရ ပါသည်။ တယ်လီဖုန်းအသုံးပြုသူမှာ များပြားသည့်အတွက် ကျေးရွာသူ/သားများအနေဖြင့် ဗဟုသုတနှင့် နည်းပညာ အချက်အလက်များကို ပြည့်ဝစွာရရှိကြောင်းတွေ့ရှိရပါသည်။

(၆) ပညာရေး

(၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၆၁	၄၅	၁၀၆
အလယ်တန်း	၆၆	၄၆	၁၁၂
အထက်တန်း	၃၅	၄၇	၈၂
တက္ကသိုလ်/ကောလိပ်	၁၀	၃၀	၄၀

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး မူလတန်းတက်ရောက်သူ (၁၀၆)၊ အလယ်တန်းတက်ရောက်နေသူ(၁၁၂)၊ အထက်တန်းတက်ရောက်သူ(၈၂)နှင့် တက္ကသိုလ်/ကောလိပ်တက် ရောက်နေသူ(၄၀)ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာသူ/သားများ အနေဖြင့် ပညာရေးတွင် အသင့်အတင့် ရှိပါသည်။ ကျေးရွာရှိမိသားစုများမှာ ပညာရေးအား အလေးထား အားပေးကြောင်း တွေ့ရှိရပါသည်။

(၆-၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း √ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် √ စက်ဘီး √ ဆိုင်ကယ် ☐ ကား ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐	ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း	၁၂၀'x၃၀'x၁၂'	၉၀'x၃၀'x၁၂'	

အကြောင်းအရာ	(၁)			(၂)			(၃)		
ကြမ်းခင်းဧရိယာ (စတုရန်းပေ)*									
c။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း√ သင့်□ ညံ့□			ကောင်း√ သင့်□ ညံ့□			ကောင်း□ သင့်□ ညံ့□		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်√ မလုံလောက်ပါ □			လုံလောက်မှုရှိသည်√ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် √ ညံ့ □ မရှိ □			ကောင်း □ သင့် √ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ √			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ √			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □		
ဇ။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၄	၁၆	၂၀						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။

စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်တန်းကျောင်းရှိပြီး ကျောင်းဆောင်(၄)ခုရှိပါသည်။ ပင်မကျောင်းဆောင်၏ဧရိယာမှာ(၁၂၀'x၃၀'x၁၂')ခန့်ရှိပြီး

တိုးချဲ့ဆောင်မှာ(၉၀'x၃၀'x၁၂')ရှိပါသည်။ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေခင်းကျောင်းဆောင်ဖြစ်ပြီး အရည်အသွေးမှာ ကောင်းမွန် လျှက်ရှိပါသည်။ ကျောင်းတွင် ကျောင်းသူ/သားများပြားလာမှုကြောင့် စာသင်ခုံနှင့် ယင်လုံအိမ်သာ များ လိုအပ်လျှက်ရှိပါသည်။ ကျောင်းဆရာ/ဆရာမအင်အားမှာ လုံလောက်မှုရှိပြီး ဆရာနှင့် ကျောင်းသား အချိုးမှာလည်း ညီမျှမှုရှိပါသည်။

(၇) ကျန်းမာရေး

(၇-၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) **အဖြစ်များသော** ရောဂါများ

#	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှော	*မြင့်*□	*နိမ့်*√	*မရှိ*□
၂	သွေးလွန်တုပ်ကွေး	*မြင့်*□	*နိမ့်*√	*မရှိ*□
၃	ငှက်ဖျား	*မြင့်*□	*နိမ့်*√	*မရှိ*□
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*□	*နိမ့်*□	*မရှိ*√
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*□	*နိမ့်*□	*မရှိ*√
၆	တီဘီ	*မြင့်*□	*နိမ့်*□	*မရှိ*√
၇	ဆီးချို	*မြင့်*√	*နိမ့်*□	*မရှိ*□
၈	သွေးတိုး	*မြင့်*√	*နိမ့်*□	*မရှိ*□

#	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□	နိမ့်□	မရှိ√
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□	နိမ့်□	မရှိ√
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□	နိမ့်√	မရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆီးချိုရောဂါ၊ သွေးတိုးရောဂါများမှာဖြစ်ပွားမှု အမြင့်မားဆုံး ဖြစ်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ငှက်ဖျားရောဂါနှင့် သွေးလွန်တုတ်ကွေးရောဂါများဖြစ်ပွားမှုမှာ နည်းသည် ကိုတွေ့ရှိရပါသည်။ အာဟာရချို့တဲ့မှုနှင့် လိင်မှတဆင့်ကူးဆက်တတ်သောရောဂါများ ဖြစ်ပွားမှုမရှိကြောင်း တွေ့ရှိရပါသည်။

(၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ	√	
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	√	
၃	ပိုလီယိုရောဂါ	√	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	√	
၅	ဝက်သက်ရောဂါ	√	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု	√	
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)		√
၈	အာဟာရ ပညာပေး အစီအစဉ်	√	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကွမ်းခြံစုကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပြီး ဝက်သက်ရောဂါနှင့် မေးခိုင်ရောဂါ၊ အသည်းရောင်၊ အသားဝါရောဂါ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် (၂)နှစ်အောက် ကလေးငယ်များအတွက် ကာကွယ်ဆေးထိုးခြင်းနှင့် အခြားရောဂါများအတွက် ကာကွယ် ဆေးထိုးခြင်းများကို ပြုလုပ်လျှက်ရှိပါသည်။

(၇-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် √ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □	ရှိ □ မရှိ √

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
	၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် □	
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် √ ၁၀ မိုင်အထက် □	ရှိ √ မရှိ □
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် □ ၁ မိုင် မှ ၃ မိုင် □ ၃ မိုင် မှ ၅ မိုင် □ ၅ မိုင် မှ ၁၀ မိုင် □ ၁၀ မိုင်အထက် √	ရှိ √ မရှိ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆေးပေးခန်းမရှိပါ။ ကွမ်းခြံစုကျေးရွာတွင် ကျန်းမာရေး ဆေးခန်းရှိပြီး ဆေးခန်းတွင်အသုံးပြုသော အခန်းနှင့်ကုတင်များမှာ လိုအပ်လျှက်ရှိ ကြောင်း တွေ့ရှိရပါသည်။ ကျန်းမာရေးဆေးပေးခန်းရှိ ဆရာ/ဆရာမများမှ ကျေးရွာသူ/သား၏ ကျန်းမာရေး ပြဿနာများအား ကူညီ ပေးလျှက်ရှိပါသည်။ တိုက်နယ်ဆေးရုံမှာ တောင်ညိုကျေးရွာ တွင် ရှိပြီး အခန်း၊ ကုတင် များ လုံလောက်မှုရှိပါသည်။ မြို့နယ်ဆေးရုံမှာ ဥတ္တရသီရိမြို့ တွင် ရှိပြီး အခန်း၊ ကုတင်များလုံလောက်မှုရှိပါသည်။ ကျေးရွာတွင် လူမှုကူညီမှုအသင်းများမှ လူနာတင်ကား များ ရှိသဖြင့် ကျန်းမာရေးအတွက် အကူအညီများပေးလျှက်ရှိပါသည်။

(၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေအရည်အသွေး	လုံလောက်မှု (မိုး၊ ဆောင်း၊နွေ
ရေတွင်း		ကောင်း□ သင့်√ ညံ့□	
အဝိစိတွင်း/ စက်တပ်	၁၀၀	ကောင်း √ သင့်□ ညံ့□	မိုး၊ဆောင်း၊နွေ
အဝိစိတွင်း/ တုံကင်	၁၆၃	ကောင်း□ သင့်√ ညံ့□	မိုး၊ ဆောင်း၊နွေ
မိုးရေ သိုလှောင်ကန်		ကောင်း□ သင့်□ ညံ့□	
မြစ်/ချောင်းရေ	၁၀	ကောင်း□ သင့်□ ညံ့□	မိုး
ရေကန်		ကောင်း□ သင့်□ ညံ့□	

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေအရည်အသွေး	လုံလောက်မှု (မိုး၊ ဆောင်း၊နွေ
စိမ့်စမ်းရေ		ကောင်း□ သင့်□ ညံ့□	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ သောက်သုံးရေအတွက် ကျေးရွာရှိ ရေတွင်းများ၊ လက်နှိပ်တုံကင်များနှင့် စက်ရေတွင်းများမှ သုံးစွဲကြပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံးအတွက် လုံလောက်မှုရှိပါသည်။ ရေအရည် အသွေးမှာလည်း သင့်တင့်မှုရှိကြောင်း တွေ့ရှိရပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	၅
ရေလောင်း/ယင်လုံအိမ်သာ	၁၉၀
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	၅၁
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	၂၇

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ယင်လုံအိမ်သာသုံးစွဲသောအိမ်ထောင်စု(၁၉၅)ရှိသဖြင့် ယင်လုံ အိမ်သာအား သုံးစွဲသူများကြောင်းတွေ့ရှိရပါသည်။ ယင်လုံအိမ်သာသုံးစွဲခြင်းကြောင့် ကျေးရွာသူ/သားများ အနေဖြင့် ကျန်းမာရေးဆိုင်ရာအသိအမြင်များ အသင့်အတင့်ရှိ ကြောင်း တွေ့ရှိရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	အန္တရာယ်မရှိနိုင်ပါ။
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	အန္တရာယ်မရှိနိုင်ပါ။
၃	ရေကြီးခြင်း	အန္တရာယ်မရှိနိုင်ပါ။
၄	မိုးခေါင်ခြင်း	အန္တရာယ်မရှိနိုင်ပါ။

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၅	အအေးလွန်ကဲခြင်း	အန္တရာယ်မရှိနိုင်ပါ။
၆	မုန်တိုင်း	အန္တရာယ်မရှိနိုင်ပါ။
၇	ငလျင်	အန္တရာယ်မရှိနိုင်ပါ။
၈	မီးဘေး	အန္တရာယ်မရှိနိုင်ပါ။
၉	ဆားငန်ရေဝင်မြေ	အန္တရာယ်မရှိနိုင်ပါ။
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	အန္တရာယ်မရှိနိုင်ပါ။
၁၁	သစ်တောပြုန်းတီးခြင်း	အန္တရာယ်မရှိနိုင်ပါ။
၁၂	ငှက်ဖျားရောဂါ	အန္တရာယ်မရှိနိုင်ပါ။
၁၃	တီဘီရောဂါ	အန္တရာယ်မရှိနိုင်ပါ။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	အန္တရာယ်မရှိနိုင်ပါ။
၁၅	ပြည်တွင်း ပဋိပက္ခ	အန္တရာယ်မရှိနိုင်ပါ။
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	အန္တရာယ်မရှိနိုင်ပါ။
၁၇	လူကုန်ကူးခြင်း	အန္တရာယ်မရှိနိုင်ပါ။
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	အန္တရာယ်မရှိနိုင်ပါ။

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် တစ်ခါတစ်ရံမိုးကြီးခြင်းနှင့် မိုးခေါင်ခြင်းမှတပါးအခြားထိခိုက်နိုင်မှုမရှိပါ။

(စ) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းအမြစ်များ အခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု (နိမ့်၊ လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီဩဇာ အခြေအနေ	လတ်	သီးနှံများစိုက်ပျိုးရာတွင်ပိုးသတ်ဆေးများသုံးစွဲမှုကြောင့် မြေဆီလွှာထိခိုက်မှုရှိပါသည်။
အပင်မျိုးစိတ်များ	နိမ့်	
ရေအရင်းအမြစ်	နိမ့်	
ငါးမျိုးကွဲများ	နိမ့်	
အခြားတိရစ္ဆာန်မျိုးကွဲများ	နိမ့်	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါးနှင့်မတ်ပဲများစိုက်ပျိုးရာတွင် ဖျက်ပိုးများကျရောက်မှုကြောင့် ပိုးသတ်ဆေးများသုံးစွဲခြင်းကြောင့် အန္တရာယ်ရှိမှုမှာ အလယ်အလတ်ရှိပြီး ကျန်အန္တရာယ်ရှိမှုများမှ နိမ့်အဆင့်တွင်သာရှိပါသည်။

(၁၀) ကျား - မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

#	*ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ*	*ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်*	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	*ရှိ* ☐	*မရှိ* √
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	*ရှိ* √	*မရှိ* ☐
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	*ရှိ* ☐	*မရှိ* √
၄	အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေ နှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိ အမြင်ရှိမှု	*ရှိ* √	*မရှိ* ☐

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အမျိုးသမီးများအနေဖြင့် ပညာသင်ကြားရာတွင် အမျိုးသားများနှင့် တန်းတူသင်ယူနိုင်သော်လည်း နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမို ရရှိကြပါသည်။ အုပ်ချုပ်ရေးစနစ်တွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်မှုရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီး ရေးရာ အဖွဲ့ရှိပြီး အကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာ အသိအမြင်များလည်း အသင့်အတင့် ရှိပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုများမရှိကြောင်းလည်း တွေ့ရှိရပါသည်။

ဘုရားကုန်းကျေးရွာ၏ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	အခက်အခဲပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အလားအလာ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
ကဏ္ဍ – ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း						
၄။	▪ ချေးငွေများ လွယ်ကူစွာ မရရှိခြင်း	▪ အတိုးနှုန်း မြင့်မားခြင်း	▪ ပုဂ္ဂလိက၊ အစိုးရဘဏ်များနှင့် သွားလာရန် လွယ်ကူခြင်း	▪ ချေးငွေဝန်ဆောင်မှုပေးမည့် အဖွဲ့အစည်းများ နည်းပါးခြင်း	▪ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့များနှင့် သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများ နှင့်ချိတ်ဆက် ဆောင်ရွက်သွားရန်။	▪ ပြည်တွင်းပြည်ပ ငွေကြေးအဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း ▪ အတိုးနှုန်းသက်သာသောချေးငွေစီမံကိန်းများ ဆောင်ရွက်ခြင်း
ကဏ္ဍ – ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး။						
၅။	▪ သောက်သုံးရေ အလွယ်တကူမရရှိခြင်း	▪ စက်ရေတွင်းသည် ရွာဦးဘုန်းကြီး ကျောင်းတွင်ရှိခြင်း ▪	▪ ကျေးရွာတွင် စက်ရေတွင်းများရှိခြင်း ▪ ပိုက်သွယ်တန်းခြင်း ရေများကိုသွယ်ယူ နိုင်ခြင်း	နည်းပညာနှင့် ငွေကြေး အခက်အခဲရှိခြင်း	▪ အိမ်တိုင်ရေသွယ်စနစ် ဆောင်ရွက်နိုင်ရန်အ တွက် ကျေးလက်ဦးစီး ဌာနနှင့်ချိတ်ဆက် ဆောင်ရွက်ရန်	▪ သောက်သုံးရေ အတွက် အိမ်တိုင်ရေသွယ် စနစ် ဆောင်ရွက်ခြင်း
ကဏ္ဍ – လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစသည့် အခြေခံ အဆောက်အဦများ						

စဉ်	အခက်အခဲပြဿနာ	အခက်အခဲဖြစ်စေသော အကြောင်းအရင်း/ဇစ်မြစ်	အလားအလာ	အဟန့်အတား	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်
၆။	▪ ရွာတွင်းလမ်းများ မကောင်းခြင်း။ ▪ ရွာလယ်လမ်းမကြီး ပျက်စီးခြင်း။ ▪ ရွာတွင်းရှိချောင်းကူး တံတားမကောင်းခြင်း။	▪ မိုးရာသီလမ်းပေါ် ရေကျော်သဖြင့် လမ်းများပျက်စီး ခြင်း။ ▪ ရေထုတ်မြောင်း မရှိခြင်း ▪ မြေသားလမ်း ဖြစ်ခြင်း ▪ သစ်သားတံတား ဖြစ်ခြင်း၊	▪ ကျေးရွာသူ/သား များအနေဖြင့် ရိစာလမ်းခင်း သည့် အတွေ့ အကြုံရှိခြင်း။ ▪ လမ်းအသုံးပြုမည့် အခြားနီးစပ်ရာ ကျေးရွာမှ လုပ်အား ထည့်ဝင်လိုမှုရှိခြင်း ▪ ကျေးရွာမှ တံတား ပြုပြင်သည့် အတွေ့ အကြုံရှိခြင်း။	▪ ကျေးရွာအနေ ဖြင့် ရန်ပုံငွေ အင်အား မရှိခြင်း။ ▪ ငွေကြေးမတတ် နိုင်ခြင်း	▪ သက်ဆိုင်ရာဦးစီးဌာန ဖြင့် ချိတ်ဆက် ဆောင်ရွက်သွားရန် ▪ ကျေးရွာဆပ်ကော်မတီ ဖွဲ့စည်းပြီး သက်ဆိုင်ရာ ဦး စီးဌာနဖြင့် ချိတ်ဆက် ဆောင်ရွက်သွားရန်	▪ ရွာတွင်း လမ်းအား မြေသားလမ်းမှ ရိစာလမ်း ပြုပြင်ရန်။ ▪ ရွာလယ်လမ်းမကြီး ရိစာခင်းပြုပြင်ခြင်း ▪ ချောင်းကူးတံတား ကွန်ကရစ်တံတား အဖြစ် အဆင့်မြှင့် တင်ခြင်း

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	-	မောင်းရမ်း
ကျေးရွာအုပ်စု	-	ဘုရားကုန်း
မြို့နယ်	-	ဥတ္တရသီရိမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	-	ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်
စီမံချက်အမည် - ရွာတွင်းအားရိစာလမ်းခင်းခြင်း(၈၀၀'× ၁၂'× ၉'')		
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ဘုရားကုန်းကျေးရွာရှိ ရွာတွင်းလမ်းများသည် ရိစာလမ်းဖြစ်ပြီး မိုးတွင်းကာလများတွင် ချောင်းရေကျော်၍ လမ်းများပျက်စီးခြင်း၊လမ်းပေါ်သို့ ရေလျှံခြင်း၊ လမ်းကျဉ်းမြောင်းသဖြင့် သွား လာရန် ခက်ခဲနေသောကြောင့် ကျောက်ချောခင်း၍ပြုပြင်ရန် လိုအပ်ခြင်းဖြစ်ပါသည်။		
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) ကျေးရွာလမ်းအားကျောက်ချောခင်းခြင်းဖြင့် ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ခြင်းဖြင့် ကျေးရွာဆက်သွယ်ရေး တိုးတက်လာစေရန် ရည်ရွယ်ပါသည်။		
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ) လမ်းများကောင်းမွန်၍ ရဟန်းသံဃာများ သွားလာရာတွင် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ခြင်း၊ ပညာသင်ကြားရေသော ကျောင်းသူ/သားများ ကျောင်းသို့သွားရာတွင် ကောင်းမွန်စွာသွားလာ နိုင်ခြင်း၊ တောင်သူဦးကြီးများ စိုက်ပျိုးသီးနှံများ သိမ်းစည်းရာတွင် ကောင်းမွန်စွာ သွားလာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါသည်။		
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) ရွာတွင်းလမ်းအရှည်(၈၀၀'× ၁၂'×၉'')အား ကျေးလက်ဦးစီးဌာန ရန်ပုံငွေကျပ် (၁၀၀)သိန်း နှင့် ကျေးရွာမှလုပ်သား အင်အားဖြင့် ရိစာခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ပါမည်။		
ကုန်ကျစရိတ်ထည့်ဝင်မှု		
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	ထည့်ဝင်မည့်အစီအစဉ်	
၁၀၀၀၀၀၀၀/- (ငွေသား)	• ကျေးလက်ဦးစီး	
လုပ်အား	• ကျေးရွာ	

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း

Comment [U1]:

Comment [U2]:

ကျေးရွာအဆင့်	၅၅၉	၅၆၃	၁၁၂၂	၁၀	၆၁	၁၅၇	၄၅	၂၇၃
အကျိုးခံစားမည့် ဦးရေ	၅၅၉	၅၆၃	၁၁၂၂	၁၀	၆၁	၁၅၇	၄၅	၂၇၃
မှတ်ချက်။ ချောင်လည် အဆင့်-၁၊ အလယ်အလတ် အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄								

ပုံစံ(၁)

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ) ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကျေးရွာလမ်းကော်မတီ
(၂) **စီမံချက် စတင်မည့် အချိန် (ခန့်မှန်း)** ၃.၁.၂၀၁၉
(၃) **စီမံချက် ပြီးစီးမည့် အချိန်** ၃.၁.၂၀၁၉
(၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်** ကျေးရွာသူ/သားများနှင့် စေတနာရှင်များမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ရပ်မိရပ်များနှင့် ကျေးရွာကော်မတီမှ ဆောင်ရွက်သွားပါမည်။
(၅) **လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ** လုပ်ငန်းလည်ပတ်ရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏လမ်းညွှန်မှု ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ၊ ဝယ်ယူရေးကော်မတီအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။ လုပ်ငန်းများပြုပြင်ထိန်းသိန်းရေးအတွက်ကျေးရွာရှိအဖွဲ့အစည်းများနှင့်ငွေကြေးများအား

လျှုံခြင်း ဖြင့် ပြုပြင်ဆောင်ရွက်သွားပါမည်။